# ဖန်းခါိဟွာ – ကျောက်စိမ်းပန်းပုလက်ရာပြောင်မြောက်သူ ချစ်မေတ္တာဖြင့်လူ့ရည်ချွန်များမွေးထုတ်သူ

ဖုကျန့်ပြည်နယ်တွင် မွေးဖွားခဲ့သော ဖန်းခါိဟွာသည် အသက်(၁၃)နှစ် အရွယ်မှစ၍ ဖုကျန့်ရိုးရာ ရှေးဟောင်း ဗိသုကာပညာရှင်ထံ သစ်သားပန်းပု ပညာကို ဆည်းပူးခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ဖန်းခါိဟွာသည် ကျောက်စိမ်းပန်းပု ပညာနှင့် ပထမဆုံးအကြိမ် ထိတွေ့ခွင့် ရရချင်းကျောက်စိမ်း၏ လှပသောအရောင်အသွေး၊ အကင်းပါးသော ပစ္စည်းအရည်အသွေး၊ ဝိသေသထူးခြားသော ယဉ်ကျေးမှုရသများအတွက် ချိုးနှိမ်မိတော့သည်။

၂၀၀၃ ခုနှစ်တွင် ဖန်းခါိဟွာသည်ယူနန်ပြည်နယ်ရွှေလီမြို့သို့ ရောက်ရှိလာပြီး ဒေသခံ ကျောက်စိမ်းပန်းပုဆရာထံ ကျောက်စိမ်းပန်းပုပညာကို ဆည်းပူးခဲ့သည်။ ပန်းပုဆရာများ၏ ညွှန်ကြားပေးမှုသည် ဖန်းခါိဟွာ၏ တီထွင်ဖန်တီးမှုအတွက် ပိုမိုကျယ်ပြန့်သော မြင်ကွင်းပေးခဲ့ပြီး ပေါများကြွယ်ဝလှသောကျောက်စိမ်းကုန်ကြမ်းအတွက်လည်း အသစ်စက်စက်ကျသည့် အသိအမြင်နှင့်နားလည်မှုတို့ကို ခံစားရရှိလာတော့သည်။

၂၀၀၄ခုနှစ်တွင် ဖန်းခါိဟွာသည် ကွမ်ကျိုးမြို့ရှိ ဟွေ့စိမ့်ကျောက်မျက်ရတနာလုပ်ငန်း၏ အထွေထွေ ဒီဇိုင်းဆရာတာဝန်ကို စတင်ထမ်းဆောင်ခဲ့သည်။ ဟွေ့စိမ့်ကျောက်မျက်ရတနာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်စဉ် အတွင်း ဖန်းခါိဟွာသည် အာရုံစူး၍ပြောင်မြောက်သည့် အနုပညာလက်ရာများကို တီထွင်ဖန်တီးနိုင်ခဲ့သည်။ ယင်းလက်ရာများကို ၂၀၁၁ခုနှစ်တွင် ကျင်းပခဲ့သော (၆)ကြိမ်မြောက် တရုတ်ပြည် (ဖူထျန်း) ရေလက်ကြား အနုပညာလက်ရာများ ပြပွဲ၌ "မြင်းနက်" ဖြစ်လာတော့သည်။ ၂၀၁၂ခုနှစ်တွင်ဖန်းခါိဟွာသည် တယ်ဟုန်ပြည်နယ်ခွဲ၏ ဖိတ်ကြားချက်အရ တယ်ဟုန်ပြည်နယ်ခွဲ မန်စီ (နိုင်ငံတကာ) ကျောက်မျက်ရတနာမြို့လေးသို့ တစ်အိမ်သားလုံး ပြောင်းရွှေ့နေထိုင်လာခဲ့ပြီး "မန်စီရှင်း ရှင့်ဟွာလုံ ယဉ်ကျေးမှု ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်"ကို တည်ထောင်လိုက်ပြီး သူကိုယ်တိုင်မန်နေဂျင်းဒါရိုက်တာဖြစ်လာတော့သည်။

အောင်ပန်းရရှိသည့် တချိန်တည်း ဖန်းခါိဟွာ၏မျက်စိသည် မသန်စွမ်းသူများထံသို့ ပြောင်းလှည့်လာတော့သည်။ သူသည် "တယ်ဟုန်ပြည်နယ်ခွဲ မသန်စွမ်းသူများ ကျောက်စိမ်း ပန်းပု ပညာလေ့ကျင့်ရေးအခြေခံစခန်း" ကို တည်ထောင်လိုက်သည်။ မသန်စွမ်းသူများအား အခမဲ့လက်ခံခေါ်ယူပြီး ကျောက်စိမ်းပန်းပုပညာကို သင်ပို့ပေးခဲ့သည်။ ထို့ပြင် ကျောက်စိမ်းပန်းပုပညာကို အခမဲ့ဆက်ခံစေပြီးမသန်စွမ်းသူညီအစ်ကိုများနှင့် ကျောက်စိမ်းပန်းပုပညာ လမ်းကြောင်းကို လက်တွဲဖွင့်လှစ်ကြရန် ကတိပြုခဲ့သည်။

တမြန်နှစ်တွင် ဖန်းခါိဟွာ၏ လက်ရာ《နဂါးနှင့် ကျားပေါင်းဆုံရာဝယ်》 သည် ၂၀၁၃ခုနှစ် "တရုတ်နဂါးဆု"၏ ရွှေတံဆိပ်ကို ဆွတ်ခူးရရှိနိုင်ခဲ့သည်။ နိုင်ငံတော်အဆင့် မူပိုင်ခွင့်နှင့် မူပိုင်ခွင့်သက်သေခံလက်မှတ်ကို ရရှိပြီး မသန်စွမ်းသူများကပါဝင်ခဲ့သည့် အဓိက ကျောက်စိမ်းပန်းပုလက်ရာ ဖြစ်လာတော့သည်။ ၂၀၁၄ခုနှစ်တွင် ဖန်းခါိဟွာသည်"ယူနန်လူတော်လူကောင်း" ဂုဏ်ထူးဖြင့် ချီးမြှင့်ခံခဲ့ရသည်။

အိုယန် ရှောင်စူး

## ဘယ်သန်ပရဟိတအသင်း– ပြည်တွင်းပြည်ပရှိပညာသင်ကြားသူများအတွက် "နှလုံးသားတံတား" တည်ဆောက်ပေး

"အင်မတန် သာယာလှပပြီး ပျော်စရာကောင်းတဲ့အားလပ်ရက်တစ်ရက်ပါပဲ။ ပြည်တွင်း ပြည်ပရှိ ကျောင်းသူကျောင်းသားများဟာ အိမ်သူအိမ်သားလို ချစ်ခင်ရင်းနှီးစွာ မိတ်ဆုံခဲ့ကြတယ်။ ပျော်မဆုံးမော်မဆုံးပါပဲ။" ၂၀၁၄ခုနှစ် ဧပြီလတွင် ဘယ်သန်ပရဟိတအသင်းမှ ကျင်းပခဲ့သည့် "ပြည်တွင်းပြည်ပမှ တက္ကသိုလ်ကျောင်းသူကျောင်းသားများ မိတ်ဆုံပွဲ"အကြောင်းကို စကားစပ်မိ၍ အသင်းခေါင်းဆောင်ဖြစ်သူ ဟော်ယွဲ့က တစ်မျက်နှာလုံး ပီတိဖြစ်မိသည်။

အဆိုပါ မိတ်ဆုံပွဲတွင် ထိုင်း၊ ဗီယက်နမ်၊ လာအို၊ မြန်မာ စသည့် နိုင်ငံများမှ ရောက်ရှိလာကြသည့် ပညာတော်သင်(၁၁)ဦးနှင့် တရုတ်တက္ကသိုလ်ကျောင်းသူကျောင်းသား(၂၀)ဦးတို့သည် ပေါ့ပါးပျော်ရွှင် အူမြူးသောလေသံဖြင့် မိမိတို့နိုင်ငံ၏ရိုးရာဓလေ့၊ ထုံးတမ်းစဉ်လာ၊ ရှုခင်းသာနေရာနှင့် စားကောင်းသောက်ဖွယ်စသည့် အကြောင်းအရာများကို အများအတွက် မိတ်ဆက်ခဲ့ကြသည်။ ၎င်းအနက် မြန်မာနိုင်ငံမှ ကျောင်းသားတစ်ဦးက တမူထူးခြားသော ဟာသလေသံဖြင့် မြန်မာ့ကလေးသီချင်း "ကျားနှစ်ကောင်"ကိုသီဆိုသွားရာ ပွဲတစ်ခုလုံး၌ လက်ခုပ်သံနှင့် ရယ်မောသံများဖြင့် ခြိမ့်ခြိမ့်ညံသွားသည်။

အဆိုပါ မိတ်ဆုံပွဲကျင်းပခြင်း ဖြင့် ပြည်တွင်းပြည်ပရှိ ကျောင်းသားကျောင်းသူများအတွက် မိမိ၏ အနုပညာနှင့် မိမိ၏စတိုင်လ်ကို ပြသခွင့် ပေးလိုက်ခြင်းပင်ဖြစ်သည်။ ပြည်တွင်းပြည်ပရှိ တက္ကသိုလ်ကျောင်းသူကျောင်းသားများ အပြန်အလှန်ဖလှယ်စေပြီး ပိုမိုချစ်ကြည်ရင်းနှီးစွာဆက်ဆံစေရန်ဖြစ်သည်။

လွန်ခဲ့သည့်နှစ်များအတွင်းတွင် ယူနန်ပြည်နယ်သည် ပညာရေးကဏ္ဍမှ နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်ရေးနှင့် အပြန်အလှန်ဖလှယ်ရေး တိုးမြှင့်လာသည်နှင့်အမျှ မြန်မာ၊ ဗီယက်နမ်၊ လာအို၊ အီတလီစသည့်နိုင်ငံနှင့် ဒေသ (၉၀)ကျော်မှ ပညာတော်သင်သုံးသောင်းကျော်သည် ယူနန်ပြည်နယ်သို့ လာရောက် ပညာသင်ကြားလျက်ရှိနေသည်။ ယင်းနိုင်ငံခြားမှရောက်ရှိလာကြသော ပညာသင်ကြားသူတို့သည် ဒေသခံယဉ်ကျေးမှုနှင့် နေထိုင်မှုဘဝထဲသို့ တသားတည်းဖြစ်အောင် လျင်မြန်စွာ ပေါင်းစပ်သွားပြီး ဒေသခံကျောင်းသူကျောင်းသားများနှင့် မိတ်ဖွဲ့ရန် ဆန္ဒပြင်းပြလျက် ရှိကြသည်။ ယူနန်ဆရာ အတတ်သင်တက္ကသိုလ် ယူနန်တရုတ်ဘာသာ ကောလိပ်မှ ဆရာဖြစ်သူဟော်ယွဲ့သည် ယူနန်သို့ရောက်ရှိလာသောနိုင်ငံအသီးသီးမှ ပညာတော်သင်များ၏ လိုအင်ဆန္ဒကို သိရှိပြီးနောက် ဘယ်သန်ပရဟိတအသင်း၏ဦးဆောင်မှုဖြင့် "ပထမအကြိမ် ပြည်တွင်းပြည်ပတက္ကသိုလ်ကျောင်းသူကျောင်းသားများမိတ်ဆုံပွဲ"ကျင်းပရန် တက်ကြွစွာ ဆောင်ရွက်ခဲ့သည်။ နောင်တွင် ပြည်တွင်းပြည်ပရှိ တက္ကသိုလ်ကျောင်းသူကျောင်းသားများ၏ ချစ်ကြည်ရေးနှင့်အပြန်အလှန်ဖလှယ်ရေးတိုးမြှင့်နိုင်စေရန် ဘယ်သန်ပရဟိတ အသင်းအနေနှင့် "ပြည်တွင်းပြည်ပတက္ကသိုလ်ကျောင်းသူကျောင်းသားများမိတ်ဆုံပွဲ" ကို ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း ဟော်ယွဲ့က ပြောသည်။






မိတ်ဆက်ခြင်းအရ "ဘယ် သန် ပရဟိတအသင်း"သည် အစဦးပိုင်း က "တရုတ် ဘယ် သန် သမားမဟာမိတ်" တို့၏ QQ အုပ်စုဖြစ်ကြောင်း၊ လက်ရှိအချိန်မှာ ယူနန်လူငယ်ဖွံ့ဖြိုးရေးရံပုံငွေ အသင်းလက်အောက်မှ ပရဟိတ အဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း၊ ၎င်းတို့သည် ဘယ်သန်သမားများ ဝဘ်ဆိုက်မှ မိတ်ဆွေများနှင့် အခြားသောစေတနာရှင်များကို စုစည်းထားပြီး ယူနန်ပြည်နယ်၌ ဘယ်သန်မိတ်ဆွေများမျှော်လင့်ရေးစာကြည့်တိုက်၊ ဘယ်သန်မိတ်ဆွေများပရဟိတ အလှူခံပုံး၊ဘယ်သန်မိတ်ဆွေများမျှော်လင့်ရေးရုပ်မြင်သံကြားစသည့်ပရဟိတ လုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

ယန်ယန်း